# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၂၃/ ၂၀၂၃)　　　　　　　　　　၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ(၂၃) ရက်

| ၂၃ - ၁၁ -၂၀၂၃ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၉၁.၇ |
| စင်္ကာပူဒေါ်လာ | ၁,၅၆၇.၄ |
| စတာလင်ပေါင် | ၂,၆၂၇.၃ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၀၇.၆ |
| တရုတ်ယွမ် | ၂၉၄.၂၀ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၉.၃၄ |
| အိန္ဒိယရူပီး | ၂၅.၁၉၆ |
| ကိုရီးယားဝမ် (၁၀၀) | ၁၆၁.၈၈ |
| မလေးရှား ရင်းဂစ် | ၄၄၈.၉၁ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၉၂၀ |
| ထိုင်းဘတ် | ၅၉.၅၃၂ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၆၆၀၇ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ဗီယက်နမ်နိုင်ငံမှ ငှက်သိုက်များကို တရုတ်နိုင်ငံသို့ ပထမအကြိမ်အဖြစ် တင်ပို့မည်

➢ အိန္ဒိယနိုင်ငံ၌ ယခုနှစ်စပါးပေါ်ချိန် ၄၅ ရက်အတွင်း အစိုးရ၏ဆန်ဝယ်ယူမှု ၄ ရာခိုင်နှုန်းကျဆင်း

➢ အိန္ဒိယသည် ဆန်တင်ပို့မှု တားမြစ်ချက်ကို ၂၀၂၄ ခုနှစ်အထိ ဆက်လက်ဆောင်ရွက်ဖွယ်ရှိသဖြင့် ကမ္ဘာ့ဈေးနှုန်းများ အမြင့်ဈေးတွင် ဆက်လက်ရှိနိုင်

- **အထွေထွေသတင်းများ**

➢ အိန္ဒိယ e-commerce တင်ပို့မှုသည် လာမည့် ၆ နှစ်၊ ၇ နှစ်အတွင်း ဒေါ်လာ ၂၀၀ ဘီလီယံအထိ ရှိလာမည်

# ဗီယက်နမ်နိုင်ငံမှ ငှက်သိုက်များကို တရုတ်နိုင်ငံသို့ ပထမအကြိမ်အဖြစ် တင်ပို့မည်

တရုတ်နိုင်ငံ၏ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့(GACC)သည် ဗီယက်နမ်ကုမ္ပဏီတစ်ခုကို တရုတ်နိုင်ငံသို့ ငှက်သိုက်များ တင်ပို့ရန် တရားဝင်ခွင့်ပြုလိုက်ပြီဖြစ်ကြောင်း ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန (Ministry of Agriculture and Rural Development –MARD)မှ မကြာသေးမီက ကြေညာခဲ့ကြောင်း သိရှိရပါသည်။

MARD ၏ တိရစ္ဆာန်ကျန်းမာရေးဌာန၏ အဆိုအရ ဗီယက်နမ်ကုမ္ပဏီ (၄၅)ခုသည် တရုတ်နိုင်ငံသို့ ငှက်သိုက်တင်ပို့ရန် မှတ်ပုံတင်ထားပြီး တရုတ်နိုင်ငံ၏ စစ်ဆေးရေးနှင့် အပင်ပိုးမွှားကင်းရှင်းရေးလိုအပ်ချက်များနှင့် ပြည့်စုံစေရန်အတွက် ဌာနမှ လမ်းညွှန်ချက်များပေးထားကြောင်း သိရှိရပါသည်။

အဆိုပါကုမ္ပဏီများအနက် ကုမ္ပဏီ (၉)ခုသည် ပို့ကုန်မှတ်ပုံတင်ခြင်းဆိုင်ရာ စာရွက်စာတမ်းများ အပြည့်အစုံဖြင့် GACC သို့ တင်ပြခဲ့ရာ အဆိုပါလုပ်ငန်း(၉)ခုအနက်မှ (၅)ခုကို GACC က အွန်လိုင်းမှ စစ်ဆေးမှုများပြုလုပ်ခဲ့ပြီး Avanest Vietnam Nutrition JSC ကို ယခုနှစ် အောက်တိုဘာလ (၂၀)ရက်နေ့မှစတင်ကာ တရုတ်နိုင်ငံသို့ ငှက်သိုက်နှင့် အသင့်စားငှက်သိုက် ထုတ်ကုန်များ တင်ပို့ခွင့်ပြုခဲ့ကြောင်း သိရှိရပါသည်။

GACC သည် အခြားဗီယက်နမ်ကုမ္ပဏီများ၏ စာရွက်စာတမ်းများကို ပြန်လည်သုံးသပ်နေပြီး ရလဒ်များကို ဆက်လက်ကြေညာပေးမည်ဖြစ်ကြောင်း၊ MARD နှင့် GACC တို့သည် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် ဗီယက်နမ်မှ တရုတ်နိုင်ငံသို့ တင်ပို့သည့် ငှက်သိုက်အတွက် ရောဂါစစ်ဆေးခြင်းနှင့် တိရစ္ဆာန်ပိုးမွှားကင်းရှင်းခြင်းလိုအပ်ချက်ဆိုင်ရာ protocol ကို လက်မှတ်ရေးထိုးခဲ့ပြီး နောက်တွင် MARD နှင့် ၎င်းအောက်ရှိတိရစ္ဆာန်ကျန်းမာရေးဌာနတို့ပူးပေါင်း၍ အဆိုပါ protocol အကောင်အထည်ဖော်မှုကို အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့သည်ဟု ဗီယက်နမ်စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Phung Duc Tien က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံတစ်ဝန်းတွင် ငှက်သိုက်လုပ်ငန်းများ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း သိသိသာသာ မြင့်တက်လာခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ ပြည်နယ်နှင့် မြို့ကြီး (၆၃)ခုအနက် (၄၂)ခုတွင် ငှက်သိုက်လုပ်ငန်းများ တည်ထောင်ခဲ့ကြောင်း MARD ၏ အချက်အလက်များအရ သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံသည် ယခင်နှစ်တွင် ငှက်သိုက်ခြံ (၂၃,၆၆၅)ခြံရှိကြောင်း သိရှိရပြီး ၂၀၁၇ ခုနှစ် ကိန်းဂဏန်းနှင့် နှိုင်းယှဉ်ပါက သုံးဆမြင့်တက်လာခဲ့ကြောင်း၊ ဗီယက်နမ်နိုင်ငံတောင်ပိုင်း Kien

Giang ပြည်နယ်၊ တောင်-အလယ်ပိုင်း Khanh Hoa ပြည်နယ်နှင့် Central Highlands ရှိ Lam Dong ခရိုင်တို့၌ ငှက်သိုက်ခြံများ သိသိသာသာ တိုးလာခဲ့ကြောင်း သိရှိရပါသည်။

ဗီယက်နမ်နိုင်ငံတစ်ဝန်းရှိ ငှက်သိုက်ခြံများသည် တစ်နှစ်လျှင် ငှက်သိုက် စုစုပေါင်း မက်ထရစ်တန် (၂၀၀)ခန့်ထွက်ရှိကာ အမေရိကန်ဒေါ်လာသန်း(၂၀၀)ခန့်တန်ဖိုးရှိကြောင်း သိရှိရပါသည်။

Source: https://tuoitrenews.vn/news/business/20231111/vietnam-to-ship-1st-batch-of-birds-nests-to-china-next-week/76677.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်းမြို့

.............................................................................................

## အိန္ဒိယနိုင်ငံ၌ ယခုနှစ်စပါးပေါ်ချိန် ၄၅ ရက်အတွင်း အစိုးရ၏ဆန်ဝယ်ယူမှု ၄ ရာခိုင်နှုန်းကျဆင်း

ယခုနှစ်တွင် အိန္ဒိယအစိုးရ၏ အရန်ဆန်ဝယ်ယူရေးအတွက် အဓိကတာဝန်ရှိသော အိန္ဒိယစားနပ်ရိက္ခာကော်ပိုရေးရှင်း (Food Corporation of India) မှ ဆန်ဝယ်ယူမှုကျဆင်းခဲ့ကြောင်း သိရသည်။ ဝယ်ယူရေးရာသီစတင်သည့် အောက်တိုဘာလ ၁ ရက်နေ့မှ နိုဝင်ဘာလ ၁၅ ရက်နေ့အထိ အစိုးရမှ ဆန်ဝယ်ယူသည့် စာရင်းများအရ မက်ထရစ်တန်ချိန် ၁၆၁ ဒသမ ၃ သိန်း ရှိပြီး ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်ပါက ၄ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

ပြီးခဲ့သည့် အောက်တိုဘာလကုန်ရှိ ဆန်ဝယ်ယူမှုပမာဏသည် လွန်ခဲ့နှစ်ကာလတူကထက် ၉ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကိုကြည့်လျှင် အစိုးရအနေဖြင့် ကွာဟချက်ကို နည်းနိုင်သမျှ နည်းရန် ယခုသီတင်းပတ် (၂) ပတ်အတွင်း ဆန်ဝယ်ယူမှု သိသိသာသာမြင့်တက်ခဲ့ကြောင်း တွေ့ရသည်။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်က အစိုးရ၏ဆန်ဝယ်ယူမှု ပမာဏ တန်ချိန် ၁၆၈ ဒသမ ၇၅ သိန်းရှိခဲ့ကြောင်း သိရသည်။ ယခုလ ပထမသီတင်းပတ် (၂) ပတ်အတွင်း ဆန်ဝယ်ယူမှု ပမာဏမှာ တန်ချိန် ၅၇ ဒသမ ၇၇ သိန်းရှိသည့်အတွက် လွန်ခဲ့သောနှစ် ကာလတူရှိ တန်ချိန် ၅၄ ဒသမ ၆၂ သိန်းနှင့် နှိုင်းယှဉ်လျှင်မြင့်တက်လာကြောင်း တွေ့ရသည်။

### အစိုးရ၏ ဆန်ဝယ်ယူရေးရည်မှန်းချက်

အိန္ဒိယအစိုးရသည် ဆန်ကို ၂၀၂၃-၂၄ ခုနှစ် ခါရစ် (မိုး)ရာသီ (အောက်တိုဘာလမှ စက်တင်ဘာလအထိ) တွင် တန်ချိန် ၅၂၁ ဒသမ ၂၇ သိန်းဝယ်ယူရန် ရည်မှန်းထားသည်။ အဆိုပါ ခရစ်ရာသီ၏ ဆန်ထုတ်လုပ်မှုမှာ လက်ရှိရာသီတွင် ၁၀၆ ဒသမ ၃၁ သန်းရှိပြီး၊ လွန်ခဲ့သောနှစ် ရာသီက ၁၁၀

ဒသမ ၅၁ သန်းရှိခဲ့သည့်အတွက် ၄ ရာခိုင်နှုန်းခန့်ကျဆင်းမည်ဟု အိန္ဒိယ စိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းထားသည်။

"ဘယ်လိုပဲ ပထမသီတင်းပတ် (၂) ပတ်မှာ ဆန်ဝယ်ယူမှုတိုးတယ်ပဲဆိုဆို ၂၀၂၁ ခုနှစ် ခါရစ်ရာသီကနှုန်းနှင့် နှိုင်းယှဉ်ပါက တန်ချိန် ၁၀ သိန်းနီးပါး လျော့နည်းနေပါတယ်။ ဥတ္တရပရာဒက်နှင့် ဘီဟာပြည်နယ်တို့ကဲ့သို့ စပါးအဓိကစိုက်ပျိုးသည့် ပြည်နယ်များတွင် ယမန်နှစ်က မိုးရွာသွန်းမှု လျော့နည်းပြီး၊ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လက အခြောက်သွေ့ဆုံး ဖြစ်ခဲ့သည့်အတွက် ပြည်နယ်အများစုရှိ စပါးစိုက်ပျိုးမှုအပေါ် သက်ရောက်မှုတွေရှိခဲ့ပါတယ်။ ပြန်လည်စိုက်ပျိုးတာ တွေလုပ်ခဲ့ရတဲ့ ပြည်နယ်ဒေသအစိတ်အပိုင်း တော်တော်များများကနေ စပါးထွက်ရှိမှု နှောင့်နှေးကြန့်ကြာနေဦးမှာပဲ ဖြစ်ပါတယ်။" ဟု တရားဝင်သတင်းရင်းမြစ်တစ်ခုက ပြောကြားခဲ့သည်။

ပထမလတွင် ပန်ဂျပ်ပြည်နယ်မှ ဗဟိုစားနပ်ရိက္ခာသိုလှောင်ရုံများသို့ ပေးပို့လာသော ဆန်ပမာဏ ၁၃ ရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း နိုဝင်ဘာလ ၁၅ ရက်အထိ ပြည်နယ်မှ ဆန်ဝယ်မှုပမာဏမှာ တန်ချိန် ၁၀၈ ဒသမ ၇ သိန်းရှိခဲ့ကြောင်း သိရသည်။ သို့သော် ယခင် ကာလတူက တန်ချိန် ၁၁၃ ဒသမ ၇ သိန်းရှိခဲ့သည့်အတွက် ၄ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ အစိုးရက နိုဝင်ဘာလကုန်တွင် ပန်ဂျပ်ပြည်နယ်မှ ဆန်တန်ချိန် ၁၂၂ သိန်း ဝယ်ယူရန် ရည်မှန်း ထားခြင်းဖြစ်သည်။ ယခုသီတင်းပတ်အစောပိုင်းက ပြည်နယ်အစိုးရအနေဖြင့် လယ်သမားများ ဆန္ဒပြနေသည့်ကြားက ဆန်ဝယ်ယူမှုဗဟိုဌာန ၃၀၀ နီးပါးအား ပြန်လည်ဖွင့်လှစ်ခဲ့သည်။

မိုးရွာသွန်းမှုများပြားပြီး သစ်ပင်ပိခြင်းတို့ဖြစ်ပွားပြီး ခရိုင်အချို့တွင် စပါးပင်များကို ပြန်လည်စိုက်ပျိုးကြရသည့်အတွက် ရိတ်သိမ်းချိန်နောက်ကျပြီး စပါးထွက်ရှိချိန်နောက်ကျ နေမည်ဖြစ်သည်။ အစိုးရအနေဖြင့် စပါးအထွက်နှုန်းကျပြီး ဈေးကောင်းရသည့်အတွက် လယ်သမားများအနေဖြင့် အစိုးရ၏ပြင်ပ ဈေးကွက်များသို့ ရောင်းချသွားဖွယ်ရှိကြောင်း ကနဦး က ယူဆထားသော်လည်း နောက်ပိုင်းတွင် ပြဿနာအခြေအနေများကို ရိပ်စားမိသည့်အတွက် ဗဟိုဌာန ၂၈၅ ခုကို စပါးဝယ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ "လိုအပ်ပါက ဌာနအနေနဲ့ နိုဝင်ဘာလ ၃၀ ရက်နေ့ နောက်ပိုင်းအထိ စပါးဝယ်ယူသည့်အချိန်ကို တိုးမြှင့်သွားဖွယ်ရှိ ပါတယ်။"ဟု အဆိုပါပြည်နယ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

## ဟာယနပြည်နယ်သည် ရည်မှန်းချက်နှင့်လွဲခဲ့သလော

ဟာယနပြည်နယ်တွင် ယခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့က ဆန်ဝယ်ယူမှုပြီးမြောက်ခဲ့ပြီး၊ စုစုပေါင်းနံ့စားသီးနှံ တန်ချိန် ၃၈ ဒသမ ၉၁ သိန်းဝယ်ယူခဲ့ကြောင်း သိရသည်။ ယခင်နှစ် ကာလတူက တန်ချိန် ၃၈ ဒသမ ၉၃ ဝယ်ယူခဲ့သည့်အတွက် အနည်းငယ်သာ လျော့နည်းခဲ့ခြင်းဖြစ်သည်။

ပြည်နယ်အနေဖြင့် ယခုနှစ်တွင် ဗဟိုစားနပ်ရိက္ခာသိုလှောင်ရုံများအတွက် တန်ချိန် ၄၀ သိန်းဝယ်ယူရန် ရည်မှန်းထားခြင်းဖြစ်သည်။ သို့သော် ယမန်နှစ်က နောက်ဆုံးရရှိခဲ့သော အချက်အလက်များအရ ဆန်ဝယ်ယူမှုပမာဏ တန်ချိန် ၃၉ ဒသမ ၇၇ သိန်းရှိခဲ့သလို၊ ယခုနှစ်တွင်လည်း အချက်အလက်များကို နောက်ဆုံးညှိနှိုင်းပြီးသည့်အချိန်တွင် အနည်းဆုံး ဆန်တန်ချိန် ၁ သိန်းမှ ၂ သိန်းအထိ တိုးမြင့်လာဖွယ်ရှိကြောင်း သိရသည်။

ဥတ္တာပရာဒက်ပြည်နယ်၏ ဆန်ဝယ်ယူမှုသည် လွန်ခဲ့သောနှစ်ကာလတူက တန်ချိန် ၂ ဒသမ ၃၉ သိန်းရှိခဲ့ပြီး၊ ယခုနှစ်တွင် ၁ ဒသမ ၅၇ သိန်းသာရှိသည့်အတွက် ၃၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။ ပြည်နယ်အနေဖြင့် ၂၀၂၃-၂၄ ခါရစ်ရာသီတွင် စပါးပုံမှန်ထွက်ရှိရ မည့်အခြေအနေမှ ကျဆင်းဖွယ်ရှိကြောင်း ခန့်မှန်းထားသည့်အတွက် ဝယ်ယူမှုများ ဆက်လက်ကျဆင်းဖွယ်ရှိနေပါသည်။

တမီးလ်နာဒုပြည်နယ်၏ ဆန်ဝယ်ယူမှုသည် တန်ချိန် ၃ ဒသမ ၆၃ သိန်းရှိပြီး ယခင်ကာလတူက ၅ ဒသမ ၇၄ သိန်းရှိသည့်အတွက် ၃၇ ရာခိုင်နှုန်းကျဆင်းခဲ့သည်။ တီလင်ဂါန ပြည်နယ်တွင်လည်း အစိုးရမှ ဆန်ဝယ်ယူမှုစတင်ခဲ့ပြီး တန်ချိန် ၂ ဒသမ ၂၆ သိန်း ဝယ်ယူပြီးဖြစ်ကာ လွန်ခဲ့နှစ်ကာလတူထက် တန်ချိန် ၄၀၀၀ ခန့် မြင့်တက်လာသည်ကို တွေ့ရပါသည်။

ချာတစ်ဂါပြည်နယ်တွင်လည်း အစိုးရ၏ဆန်ဝယ်ယူမှုစတင်ခဲ့ပြီး ပြီးခဲ့သည့် (၁၅) ရက်စာရရှိသည့်အချက်အလက်များအရ တန်ချိန် ၂ ဒသမ ၆၅ သိန်းရှိပြီး လွန်ခဲ့သောနှစ်ကာလတူက ၃ ဒသမ ၅၆ သိန်းရှိခဲ့ကြောင်း သိရသည်။ အဆိုပါပြည်နယ်တွင် အစိုးရသစ်ဖွဲ့စည်းပြီးချိန်အထိ ဆန်စပါးဝယ်ယူမှုနှုန်း အနည်းငယ်နှေးကွေးဖွယ်ရှိကြောင်း သိရသည်။ အကြောင်းမှာ ပြည်နယ်လွှတ်တော်နှင့် BJP ပါတီတို့မှ စပါး၏ အနိမ့် ဆုံးကြမ်းခင်းဈေး (Minimum Support Price-MSP) ကို ၁ ကွင်တယ်(၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၃၁၀၀ မှ ၃၂၀၀ အထိသတ်မှတ်ပေးသွားမည်ဟု ကတိပြုထားသောကြောင့်ဖြစ်သည်။

အစိုးရက ယခုနှစ် ဇွန်လတွင် သာမန်စပါးမျိုးအတွက် အနိမ့်ဆုံးကြမ်းခင်းဈေး (Minimum Support Price-MSP)ကို ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၂၁၈၃ နှင့် အရည်အသွေး A အဆင့်စပါးမျိုးအတွက် ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၂၂၀၃ သတ်မှတ်ပေးထားကြောင်း သိရသည်။

**သုံးသပ်တင်ပြချက်**

အိန္ဒိယအစိုးရသည် ပြည်တွင်းစားနပ်ရိက္ခာဖူလုံမှုရှိရန် ဆန်နှင့် ဂျုံကဲ့သို့ နှံစားသီးနှံများကို ဗဟိုသိုလှောင်ရုံများတွင် အရန်ထားရှိနိုင်ရန် နှစ်စဉ်ဝယ်ယူလေ့ရှိပါသည်။ ယင်းသို့ဝယ်ယူရာတွင်

AgriBusiness & Trade

လည်း တောင်သူလယ်သမားများ အကျိုးစီးပွားအတွက် ရည်ရွယ်၍ အနိမ့်ဆုံးကြမ်းခင်းဈေး (Minimum Support Price–MSP) သတ်မှတ်၍ ဝယ်ယူပါသည်။ ယခုအခါ သီတင်းပတ် (၂) ခု တာကာလအတွင်း အစိုးရမှ ဆန်စပါးဝယ်ယူမှု ၄ ဒသမ ၄ ရာခိုင်နှုန်းခန့် ကျဆင်းလျက်ရှိသည်ကို တွေ့ရှိရသော်လည်း ရာသီကုန်ချိန်တွင် စုစုပေါင်းဝယ်ယူမှုတိုးမြင့်လာဖွယ်ရှိနေပါသည်။ မြန်မာနိုင်ငံ အနေဖြင့်လည်း ယခုအခါတွင် ဆန်သိုလှောင်ထိန်းသိမ်းမှုဆိုင်ရာ သတင်းပို့စနစ်သစ်ဖြစ်သော မြန်မာဆန်စပါးအွန်လိုင်း(MyRo) ကို အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ (PPP Model) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အိန္ဒိယအစိုးရ၏ လတ်တလော ဆန်စပါးဝယ်ယူမှု အခြေအနေများကို သိရှိနိုင်ပါရန် လေ့လာသုံးသပ်တင်ပြအပ်ပါသည်။

**ရည်ညွှန်းချက်**။ The Hindu Businessline သတင်းဌာန၊ "India's rice procurement down 4% in first 45 days of current season"၊

ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး

ကော်လ်ကတ္တား

……………………………………………………………………………

## အိန္ဒိယသည် ဆန်တင်ပို့မှု တားမြစ်ချက်ကို ၂၀၂၄ ခုနှစ်အထိ ဆက်လက် ဆောင်ရွက်ဖွယ်ရှိသဖြင့် ကမ္ဘာ့ဈေးနှုန်းများ အမြင့်ဈေးတွင် ဆက်လက်ရှိနိုင်

ကမ္ဘာ့ထိပ်တန်းဆန်တင်ပို့သူ အိန္ဒိယနိုင်ငံသည် လာမည့်နှစ်ထိ ပြည်ပသို့ ဆန်ရောင်းချမှု တားမြစ်ချက်အား ဆက်လက်ဆောင်ရွက်နိုင်ဖွယ်ရှိကြောင်းနှင့် ယင်းဆောင်ရွက်ချက်သည် ၂၀၀၈ ခုနှစ် စားနပ်ရိက္ခာအကျပ်အတည်းနောက်ပိုင်း အခြေခံစားသောက်ကုန်စည်ဖြစ်သည့် ဆန်၏ ဈေးနှုန်းသည် အမြင့်ဆုံးနီးပါး ဆက်လက်တည်ရှိနိုင်သည်ဟု The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

အိန္ဒိယသည် ပြီးခဲ့သောဆယ်စုနှစ်များအတွင်း ဆန်ထွက်ရှိမှုများပြားပြီး ဈေးနှုန်းသက်သာခြင်းကြောင့် ကမ္ဘာ့တစ်ဝှမ်းတွင် ထိပ်တန်းတင်ပို့သူစာရင်းဝင်ဖြစ်လာခဲ့ပြီး မကြာသေးမီက ကမ္ဘာ့ဆန်စုစုပေါင်းတင်ပို့မှု၏ ၄၀ ရာခိုင်နှုန်း နီးပါးရှိကြောင်းနှင့် ဘီနင်နှင့် ဆီနီဂေါတို့ကဲ့သို့ အာဖရိက နိုင်ငံများသည် ထိပ်တန်းဝယ်ယူသူများထဲတွင် ပါဝင်ကြောင်း သိရသည်။

သို့သော် လာမည့်နှစ်တွင် ပြန်လည်အရွေးခံမည့် ဝန်ကြီးချုပ် နာရင်ဒြာမိုဒီသည် ပြည်တွင်းဈေးနှုန်းမြင့်တက်မှုကို တားဆီးရန်နှင့် အိန္ဒိယစားသုံးသူများကို အကာအကွယ်ပေးရန်အတွက် ဆန်တင်ပို့မှုအပေါ် ကန့်သတ်ချက်များကို ထပ်ခါတလဲလဲ တင်းကျပ်ထားကြောင်း၊ ပြည်တွင်း ဆန်ဈေးတက်နေလျှင် ကန့်သတ်ချက်များ ဆက်လက်ဆောင်ရွက်နိုင်ဖွယ်ရှိကြောင်းနှင့် ရွေးကောက်ပွဲ

Agribusiness & Trade

ပြီးသည့်အချိန်တွင်ပင် ပြည်တွင်းဆန်စျေးနှုန်း မတည်ငြိမ်ပါက တားမြစ်ချက်အစီအမံများကို ဆက်လက်သက်တမ်းတိုးမည့် အလားအလာများရှိကြောင်း Nomura Holdings Inc မှ စီးပွားရေးပညာရှင် Sonal Varma က ပြောကြားထားသည်။

အိန္ဒိယသည် ဆန်ကွဲနှင့်ဘာစမာတီမဟုတ်သော ဆန်ဖြူများ တင်ပို့မှုအား ကန့်သတ်ထားသည့်အပြင် အနိမ့်ဆုံးပို့ကုန်စျေးနှုန်းနှင့် ပို့ကုန်ခွန်များ သတ်မှတ်ဆောင်ရွက်ခဲ့သဖြင့် ဩဂုတ်လတွင် စျေးနှုန်းများသည် ၁၅ နှစ်အတွင်း အမြင့်ဆုံးသို့ မြင့်တက်ခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံအချို့၏ တင်သွင်းမှုများ ရပ်တန့်သွားခဲ့ကြောင်း၊ နိုင်ငံတစ်ချို့က သက်သာသောစျေးနှုန်းဖြင့်ရရှိရန် ကြိုးပမ်းကြကြောင်းနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ အဆိုအရ အောက်တိုဘာလတွင် ဆန်သည် လွန်ခဲ့သည့်နှစ်ထက် ၂၄ ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင်မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မုတ်သုံစိုက်ပျိုးမှုနှင့် ရိတ်သိမ်းမှုမှာ ယခင်နှစ်ထက် ၄ ရာခိုင်နှုန်းနီးပါး ကျဆင်းနိုင်သည်ဟု အိန္ဒိယစိုက်ပျိုးရေးဝန်ကြီးဌာနက ခန့်မှန်းထားပြီး၊ ဇွန်လမှ စက်တင်ဘာလအထိ မုတ်သုံရာသီတွင် စုစုပေါင်းမိုးရွာသွန်းမှုသည် ငါးနှစ်အတွင်း အနည်းဆုံးဖြစ်ကြောင်း၊ လူသန်းပေါင်း ၈၀၀ ကျော်ကို အကျိုးပြုသည့် နိုင်ငံ၏ အခမဲ့စားနပ်ရိက္ခာ အစီအစဉ်ကို ကျောထောက်နောက်ခံ အထောက်အပံ့များ ရရှိနိုင်စေရန် သေချာစေခြင်းသည် အစိုးရ၏ ထိပ်တန်းဦးစားပေးဖြစ်ကြောင်းနှင့် ပြည်နယ်ငါးခုတွင် ရွေးကောက်ပွဲများမကျင်းပမီရက်ပိုင်း အလိုတွင် အဆိုပါအစီအစဉ်ကို ငါးနှစ်သက်တမ်းတိုးမည်ဟု မိုဒီက ယခုလအစောပိုင်းတွင် ပြောကြားခဲ့ကြောင်းလည်း သိရသည်။

စားနပ်ရိက္ခာစရိတ်များ တိုးမြင့်လာခြင်းကြောင့် အစားအစာများ ပေးဝေဖြန့်ဖြူးခြင်းသည် ပိုမိုအရေးကြီးလာကြောင်း၊ အိန္ဒိယနိုင်ငံရှိ ဆန်လက်လီစျေးသည် ယခင်နှစ်ကထက် ၁၈ ရာခိုင်နှုန်းတက်လာပြီး ဂျုံစျေးသည်လည်း ၁၁ ရာခိုင်နှုန်းတက်လာကြောင်း အစားအသောက်ဝန်ကြီးဌာနမှ ပြုစုထားသော အချက်အလက်များအရ သိရသည်။

စားသောက်ကုန်နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက အစိုးရသည် အစားအသောက် စျေးနှုန်းများကို အမြဲမပြတ် စောင့်ကြည့်နေပြီး တင်ပို့မှုအပေါ် သင့်လျော်သော ဆုံးဖြတ်ချက်ကို အချိန်နှင့်တပြေးညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး စားသုံးသူများသာမက တောင်သူလယ်သမားများ၏ အကျိုးစီးပွားကိုလည်း အလေးထားကြောင်း ပြောကြားခဲ့သည်။

မိုဒီအစိုးရသည် နိုင်ငံတွင်းစားနပ်ရိက္ခာလုံလောက်မှုသေချာစေရန်နှင့် စျေးနှုန်းတည်ငြိမ်ရန်လိုလားသည့်အတွက် လာမည့်နှစ် ရွေးကောက်ပွဲကာလအထိ ပို့ကုန်ကန့်သတ်ချက်များကို ဆက်

Agribusiness & Trade

လက်ထားရှိနိုင်ဖွယ်ရှိကြောင်း ဆန်တင်ပို့သူများအသင်း ဥက္ကဋ္ဌ B.V. Krishna Rao မှလည်း ပြောကြားထားသည်။

အာရှတစ်ဝှမ်း သီးနှံများ အပေါ်သက်ရောက်မှုရှိသည့် အယ်လ်နီညိုကြောင့် ကမ္ဘာ့ဆန်ဈေးကွက်ကို ပိုမိုတင်းကျပ်မှုများဖြစ်လာစေနိုင်ကြောင်းနှင့် ခြောက်သွေ့သောရာသီဥတုကြောင့် ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း ဆန်တင်ပို့မှု ၆ ရာခိုင်နှုန်း ကျဆင်းနိုင်သည်ဟု ကမ္ဘာ့သို့ဆန်တင်ပို့မှု ဒုတိယအများဆုံးနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံအစိုးရမှ ပြောကြားထားသည်။

အိန္ဒိယနိုင်ငံ၏ ဆန်တင်ပို့မှု ကန့်သတ်ချက်အပေါ် ဖြည့်ဆည်းပေးမည့် အခြားသော ဆန်ရောင်းချသည့်နိုင်ငံများစွာမရှိသဖြင့် ယင်းမှာခက်ခဲသည့် ကိစ္စရပ်တစ်ခုဖြစ်ကြောင်း ဝါရှင်တန်ရှိ နိုင်ငံတကာ အစားအစာမူဝါဒလေ့လာရေးအဖွဲ့မှ အကြီးတန်းအဖွဲ့ဝင်တစ်ဦးဖြစ်သူ Joseph Glauber က ပြောကြားခဲ့သည်။

အိန္ဒိယ၏မူဝါဒသည် နိုင်ငံအတွင်းရှိ အခြေခံလူတန်းစားများကို အကျိုးပြုနိုင်သော်လည်း ဘီလီယံနှင့်ချီသော ကမ္ဘာ့ဆန်ထောက်ပံ့မှုအပေါ် မှီခိုနေရသော အာဖရိကနှင့် အာရှရှိ အခြားနေရာများတွင် ပြောင်းပြန်အကျိုးသက်ရောက်မှုများရှိကြောင်း၊ ဖိလစ်ပိုင်တွင် ဆန်ဈေးနှုန်းကြီးမြင့်မှုသည် စက်တင်ဘာလတွင် ၁၄ နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း၊ အင်ဒိုနီးရှား တွင် ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲ မတိုင်မီ ဆန်ဈေးနှုန်းတည်ငြိမ်မှုရှိစေရန်အတွက် အစိုးရသည် သွင်းကုန်များကို အရှိန်မြှင့်တင်ဆောင်ရွက်နေကြောင်း သိရသည်။

အနောက်အာဖရိကရှိ နိုင်ဂျီးရီးယားနိုင်ငံသားများသည် စရိတ်စကများ မြင့်တက်မှုဒဏ်ခံရသည့် နိုင်ငံများတွင်ပါဝင်ပါကြောင်း၊ နိုင်ဂျီးရီးယားတွင် လူကြိုက်များသော ဂျိုလော့ဖ်ပြုလုပ်ရာ၌ အဓိကပါဝင်ပစ္စည်းဖြစ်သောဆန်သည် စက်တင်ဘာလတွင် ၆၁ ရာခိုင်နှုန်း ခုန်တက်သွားကြောင်းနှင့် ၂၀၀၅ ခုနှစ် ဩဂုတ်လနောက်ပိုင်း အလျင်မြန်ဆုံး အရှိန်အဟုန်ဖြင့် မြင့်တက်လာသောကြောင့် နှစ်စဉ်စားနပ်ရိက္ခာဈေးနှုန်းဖောင်းပွမှုသည် ၃၀.၆ ရာခိုင်နှုန်းသို့ လျင်မြန်စွာ ရောက်ရှိခဲ့ကြောင်း သိရသည်။

USA Rice ၏ ဥက္ကဋ္ဌနှင့် CEO ဖြစ်သူ Peter Bachmann က အိန္ဒိယသည် ယခုအချိန်တွင် လုံလောက်သည့်ဆန်သိုလှောင်မှုထက်ပိုနေပြီဖြစ်ကြောင်းနှင့် ပို့ကုန်ပိတ်ပင်မှုသည် မလိုအပ်ဘဲ ဆောင်ရွက်ခြင်းကြောင်း၊ ၎င်းတို့၏ပို့ကုန်လုပ်ငန်းရှင်များနှင့် အာရှရှိ အခြားသော ပို့ကုန်လုပ်ငန်းရှင်များသည် ရေတိုတွင် အကျိုးဖြစ်ထွန်းနေသော်လည်း အိန္ဒိယသည် လာမည့်လများအတွင်း ပို့ကုန်တားမြစ်ချက်ကို ရုတ်သိမ်းလိုက်သောအခါတွင် ယင်းသည် ကမ္ဘာ့ဆန်ဈေးနှုန်းများကို သိသိသာသာ ကမောက်ကမ ပြန်လည်ဖြစ်စေမည်ဖြစ်ကြောင်း ပြောကြားထားသဖြင့် အိန္ဒိယနိုင်ငံတွင် နောက်နှစ်

Agribusiness & Trade

ရွေးကောက်ပွဲပြီးစီးမည့်အချိန်အထိ ဆန်ဖြူတင်ပို့မှုအား ကန့်သတ်ပိတ်ပင် ထားရှိနိုင်ကြောင်း ဆန်လုပ်ငန်းကဏ္ဍမှ တာဝန်ရှိသူများမှယူဆလျက်ရှိမှုအခြေအနေကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

Source : India seen keeping rice export bans into 2024, holding up global prices, The Economic Times

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

……………………………………………………………………………………………

## အိန္ဒိယ e-commerce တင်ပို့မှုသည် လာမည့် ၆ နှစ်၊ ၇ နှစ်အတွင်း ဒေါ်လာ ၂၀၀ ဘီလီယံအထိ ရှိလာမည်

အိန္ဒိယနိုင်ငံသည် e-commerce မှ ပို့ကုန်တင်ပို့မှုသည် လက်ရှိတွင်ဒေါ်လာ ၁.၂ ဘီလီယံမှ လာမည့်ခြောက်နှစ်တာကာလအတွင်း ဒေါ်လာ ၂၀၀ ဘီလီယံအထိရှိလာနိုင်သောကြောင့် အိန္ဒိယ၏ e-commerce ဂေဟစနစ်သည် မဝေးတော့သောအနာဂတ်တွင် များစွာပြောင်းလဲလာမည်ဖြစ်ကြောင်း နိုင်ငံခြားကုန်သွယ်မှုအထွေထွေညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် Santosh Kumar Sarangi က ပြီးခဲ့သည့်သောကြာနေ့၌ ကျင်းပပြုလုပ်သည့် အခမ်းအနားတစ်ခုတွင် ပြောကြားခဲ့ကြောင်း Business Standard သတင်းစာတွင် ဖော်ပြထားပါသည်။

အိန္ဒိယကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (FICCI) မှ စီစဉ်ကျင်းပသော 'E-commerce Exports' ညီလာခံတွင် ၎င်းက e-commerce တင်ပို့မှု၏ ကြီးမားသော အလားအလာကို အလေးပေးပြောကြားခဲ့ကြောင်း၊ အမျိုးအစားစုံလင်သည့် မတူညီသည့် ထုတ်ကုန်ပစ္စည်း၊ ထုတ်ကုန်ဆန်းသစ်တီထွင်မှုနှင့် သီးခြားဈေးကွက်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် အိန္ဒိယလုပ်ငန်းရှင်များ၏စွမ်းဆောင်နိုင်မှုကို အခြေခံ၍ ၎င်းက ခန့်မှန်းထားခြင်းဖြစ်ကြောင်းနှင့် လက်ရှိတွင် အိန္ဒိယသည် e-commerce ကဏ္ဍသည် တရုတ်နိုင်ငံ၏ ဆောင်ရွက်နိုင်မှု၏ အနည်းငယ်သော ပမာဏကိုသာ ဆောင်ရွက်နိုင်သေးသော်လည်း လာမည့်ခြောက်နှစ်မှ ခုနစ်နှစ်အတွင်းတွင် ၎င်းတို့သည် e-commerce တင်ပို့မှုမှ ဒေါ်လာ ၂၀၀ ဘီလီယံခန့်ကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အိန္ဒိယတွင် ထောက်ပံ့ပို့ဆောင်ရေး စနစ်များနှင့် မူဝါဒချမှတ်မှုများတွင် အပြောင်းအလဲများစွာ ဆောင်ကြဉ်းရန် လိုအပ်ပါကြောင်း၊ ထို့အပြင် အိန္ဒိယ ဗဟိုဘဏ် (RBI) ၏ e-commerce အပေါ် ထိန်းကြောင်းကြပ်မတ်မှု စသည့်လုပ်ငန်းများတွင် အပြောင်းအလဲများစွာ ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း Sarangi က ပြောကြားထားသည်။

ထို့အပြင် Sarangi က အိန္ဒိယနိုင်ငံ၏ e-commerce ဂေဟစနစ်သည် အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်နေပြီး လာမည့်ရက်များအတွင်း ပို့ကုန်မှ ဒေါ်လာ ၂ ထရီလီယံရရှိရန် ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် အဓိကအခန်းကဏ္ဍမှ ပါဝင်မည်ဖြစ်ကြောင်းပြော ကြားခဲ့သည်။ အလားတူ DGFT သည် e-commerce တင်ပို့မှုများကို ဖြေလျှော့ပေးရန် အခြားသော ဆက်စပ်ဌာနများနှင့်အတူ အစီအစဉ်များစွာ ပြုလုပ်ခဲ့ကြောင်း၊ e-commerce လုပ်ငန်းတွင် အဓိကကျသော အချက်လေးချက်မှာ ထောက်ပံ့ပို့ဆောင်ရေး၊ e-commerce ဝန်ဆောင်မှုပေးသူ၊ နိုင်ငံတကာ ငွေပေးချေမှုစနစ်များနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်၍ ကြပ်မတ်ဆောင်ရွက်ရမည့် ဌာနများဖြစ်ကြောင်း၊ ယင်းဌာနများတွင် ဗဟိုဘဏ်၊ အခွန်ဌာနနှင့် DGFT တို့ပါဝင်ကြောင်း Sarangi က ပြောကြားထားသည်။

သို့ရာတွင် e-commerce စနစ်အောင်မြင်ရန်အတွက် B2B စနစ်များကိုသာ အားသန်နေကြသည့် သက်ဆိုင်ရာဌာနများ၏ သဘောထားကိုလည်း ပြောင်းလဲရန် လိုအပ်ပါကြောင်း၊ အချိန်ကာလတစ်ခုအတွင်းတွင် အိန္ဒိယရှိ ဘဏ္ဍာရေးဆိုင်ရာနည်းပညာ ( fintech ) ကဏ္ဍသည် ဆန်းသစ်သော ငွေပေးချေမှုနည်းလမ်းများနှင့်အတူ ပို၍အရေးကြီးသည့် ကုန်ကျစရိတ်သက်သာသော ငွေပေးချေမှုနည်းလမ်းများအား ပံ့ပိုးပေးနိုင်ပြီး အဓိကအခန်းကဏ္ဍမှ ပါဝင်လာမည်ဟု မျှော်လင့်ကြောင်းနှင့် e-commerce လုပ်ငန်းကို တရားမျှတပြီး ကျင့်ဝတ်သိက္ခာရှိရှိ လုပ်ဆောင်နိုင်ရန်အတွက် ပို့ကုန်လုပ်ငန်းရှင်များအား အသိပညာပေးခြင်းတို့ ပြုလုပ်ရန်ကိုလည်း Sarangi က အလေးအနက် ပြောကြားခဲ့သည်။

ယခုအချိန်တွင်သမရိုးကျ ကုန်သွယ်မှုလုပ်ငန်းများထက် အချိန်၊ ငွေကြေး၊ လုပ်အားတို့ကို ပိုမိုထိရောက်စွာ အသုံးပြုနိုင်သည့် e-commerce လုပ်ငန်းကို နိုင်ငံအများစုက အလေးထား ဆောင်ရွက်လျှက်ရှိကြသည့်အတွက် မြန်မာနိုင်ငံအနေဖြင့်လည်း ဖွံ့ဖြိုးပြီးဖြစ်သည့် နိုင်ငံများ၏ e-commerce စနစ် အတွေ့အကြုံများကိုလေ့လာ၍ မိမိနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်စေမည့် လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်သင့်ပါကြောင်းနှင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများ လေ့လွင့်ဆုံးရှုံးမှုမရှိစေရေး သက်ဆိုင်ရာဌာနများအကြား ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

Source: Indian e-commerce exports should touch $200 billion in next 6-7 years : DGFT, Business Standard,

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

……………………………………………………………………………………………